ミャンマー語

# ကင်ဆာရောဂါဖြစ်ပွားကြောင်းကို စောစီးစွာ တွေ့ရှိပါက ၉၀% ကျော်မှာ ပျောက်ကင်းပါသည်။

## ဤအခွင့်အရေးကို ဆက်ဆက် ရယူပါ။

ဆုမြို့၌ **၂၀၁၉ခုနှစ် ဇူလိုင်မှ ၂၀၂၀ခုနှစ် မတ်လအထိ** ဆုမြို့သူမြို့သားများအတွက် ကင်ဆာစစ်ဆေးရှာဖွေခြင်းကို ဆောင်ရွက်နေပါသည်။စစ်ဆေးချိန်တွင် ״ကင်ဆာစစ်ဆေးရေးလက်မှတ်״ လိုအပ်ပါသည်။
လက်မှတ်မရှိပါက နောက်ကျောရှိ ကျန်းမာရေးစင်တာသို့ စစ်ဆေးရေးလက်မှတ်ထုတ်ပေးရန် လျှောက်ထားပေးပါ။
**(အသေးစိတ်ကို ခိုးဟိုးဆု ဇွန်လ ၁၆ရက်နေ့ထုတ် နှင့် အဆိုပါအချိန်တွင် ဖြန့်ဝေသော စာစောင် ״၂၀၁၉ခုနှစ် ကင်ဆာစစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းလမ်းညွှန်״ ကို ကြည့်ပေးပါ။)**

### ကင်ဆာစစ်ဆေးခြင်းလုပ်ဆောင်မည့်နည်းလမ်း

လုပ်ဆောင်မည့်စစ်ဆေးခြင်း (နောက်ကျောကိုကြည့်ပါ)ကို အတည်ပြုပြီး သီးသန့်စစ်ဆေးခြင်း သို့မဟုတ် အဖွဲ့လိုက်စစ်ဆေးခြင်း မှ တစ်ခုကို ရွေးချယ်ပါ။

**သီးသန့်စစ်ဆေးခြင်း**

မြို့တွင်းရှိ ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၌ လုပ်ဆောင်မည့် စစ်ဆေးခြင်းဖြစ်သည်။
ဆုမြို့ ကင်ဆာ စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း လမ်းညွှန်"စာစောင် နှင့် ဆုမြို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော

ကြိုတင်စာရင်းသွင်းထားရန်လိုအပ်

ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းသို့ ကြိုတင်၍ လျှောက်ထားပါ။

**အဖွဲ့လိုက်စစ်ဆေးခြင်း**

မြို့တွင်းရှိကျန်းမာရေးစစ်ဆေးရေးဌာနနှင့် ကျန်းမာရေးစင်တာစသည်တို့တွင် လုပ်ဆောင်မည့် စစ်ဆေးခြင်းဖြစ်သည်။
״ဆုမြို့ကင်ဆာစစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းလမ်းညွှန်״နှင့်ဆုမြို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော အချိန်ဇယားထဲမှ နေ့စွဲ၊ အချိန်၊ နေရာကို ရွေးချယ်ပြီး လုပ်ဆောင်ပါ။

ကြိုတင်စာရင်းသွင်း ထားရန်လိုအပ်

ဖုန်းဖြင့် စစ်ဆေးမည့်ကုမ္ပဏီသို့ လျှောက်ထားခြင်းကို ကြိုတင်၍ ဆောင်ရွက်ပါ။ လက်ထဲတွင် စစ်ဆေးရေးလက်မှတ်ကို


စစ်ဆေးမည့်ရက်၏ ၃ရက်မတိုင်ခင်တွင် စစ်ဆေးရေးလုပ်ဆောင်မည့် လမ်းညွှန်ချက် ရောက်ရှိပါမည်။

ကျန်းမာရေး စစ်ဆေးခြင်း

ခန္ဓာကိုယ်ကို အဆင်သင့်ဖြစ်နေရန် ပြုလုပ်ထားပြီး ချိန်းဆိုထားသည့်ရက်တွင် စစ်ဆေးခြင်းကိုဆောင်ရွက်ပါ။

**ကျန်းမာရေးစစ်ဆေးချိန်တွင်ယူဆောင်လာရမည့် အရာများ**

①ကင်ဆာစစ်ဆေးရေးလုပ်ဆောင်မည့်လက်မှတ် (အခမဲ့လက်မှတ်မရှိသောကြောင့် သတိပြုပေးပါ။)
②စစ်ဆေးခ ※ စစ်ဆေးခကင်းလွတ်ခွင့်ရှိသူများ သက်သေအထောက်အထားကတ် စသည်တို့ ယူလာရန်
③ကျန်းမာရေးအာမခံကတ်
④ကျန်းမာရေးမှတ်စုစာအုပ် (ရှိသောသူများ)



ကင်ဆာစစ်ဆေးရေးလုပ်ဆောင်မည့်လက်မှတ်

### ပူးပေါင်းပါဝင်သောဆေးဘက်ဆိုင်ရာအဖွဲ့အစည်း၊ နေရာ၊ နေ့စွဲနှင့်အချိန်

ကင်ဆာစစ်ဆေးရေးကိုလုပ်ဆောင်နိုင်သည့် မြို့တွင်းရှိ ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၊ စစ်ဆေးမည့်ဌာန၊ နေ့စွဲ၊ အချိန်နှင့်ပတ်သက်၍ ״ဆုမြို့ ကင်ဆာစစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း လမ်းညွှန်״စာစောင်နှင့် စစ်ဆေးရေးလက်မှတ်တွင်ပူးတွဲထည့်ထားသည့် လက်ကမ်းစာစောင်၊ ဆုမြို့၏ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုပေးပါ။

ဆုမြို့ကင်ဆာစစ်ဆေးခြင်း

ဖြင့် ရှာဖွေပါ !

## အသက်ကိုကာကွယ်ရန် အရေးကြီးသော ကျန်းမာရေးစစ်ဆေးခြင်းကို လုပ်ဆောင်ပါ

**ဆုမြို့တွင်လုပ်ဆောင်သော ကင်ဆာစစ်ဆေးခြင်းကို အမှန်တကယ် ကုန်ကျသည့် စရိတ်ထက် ပိုမို သက်သာစွာ စစ်ဆေးနိုင်သည်။ သတ်မှတ်ထားသောအသက်အရွယ်နှင့် ကိုယ်တိုင်ပေးဆောင်ရမည့် ငွေပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။**



＊သတ်မှတ်ထားသော အသက်အရွယ်မှာ ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက် အထိအကျုံးဝင်သည်။

| စစ်ဆေးမည့်ကင်ဆာ အမျိုးအစား | သတ်မှတ်ထားသောသူ | အကြောင်းအရာ | စစ်ဆေးခ (ယန်း) | |
|---|---|---|---|---|
| | | | သီးသန့်စစ်ဆေးခြင်း | အဖွဲ့လိုက်စစ်ဆေးခြင်း |
| အစာအိမ်ကင်ဆာ | အသက် ၄၀နှစ် အထက် ကျား၊ မ<br>၁၉၈၀ခုနှစ် မတ်လ ၃၁ရက်နေ့ မတိုင်ခင်တွင် မွေးဖွားသောသူ | X-Ray စစ်ဆေးခြင်း | 3,500 | 1,000 |
| | အသက် ၅၀နှစ် အထက် စုံဂဏန်းအသက်အရွယ်ရှိ ကျား၊မ<br>＊အသက် ၅၀နှစ် အထက် အသက်အရွယ်ရှိသူများသည်X-Ray စစ်ဆေးခြင်း (barium) သို့မဟုတ်အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း (gastrocamera) တစ်ခုခုဖြင့် စစ်ဆေးနိုင်သည်။ | အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း | 4,800 | 3,000<br>ကင်ဆာစစ်ဆေးသည့် စက်ဖြင့် စစ်ဆေးခြင်း သာလျှင် |
| အဆုတ်ကင်ဆာ | အသက် ၄၀နှစ်အထက် ကျား၊ မ<br>၁၉၈၀ခုနှစ် မတ်လ ၃၁ရက်နေ့ မတိုင်ခင်တွင် မွေးဖွားသောသူ | X-Ray စစ်ဆေးခြင်း | 800 | 500 |
| | | X-Ray စစ်ဆေးခြင်းနှင့် သလိပ်စစ်ဆေးခြင်း (စစ်ဆေးချက်ရလဒ်စသဖြင့်လိုအပ်သောသူသာလျှင်) | 2,000 | 1,200 |
| အူမကြီးကင်ဆာ | အသက် ၄၀နှစ်အထက် ကျား၊မ<br>၁၉၈၀ခုနှစ် မတ်လ ၃၁ရက်နေ့ မတိုင်ခင်တွင် မွေးဖွားသောသူ | ဝမ်းသွေးစစ်ဆေးခြင်း ၂ရက် | 1,000 | 500 |
| သားအိမ်ခေါင်း ကင်ဆာ | အသက် ၂၀နှစ်အထက် အမျိုးသမီးများ<br>၂၀၀၀ခုနှစ် မတ်လ ၃၁ရက်နေ့ မတိုင်ခင်တွင် မွေးဖွားသောသူ | သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်း | 1,900 | 1,000 |
| | | သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်းနှင့်ခန္ဓာကိုယ်အစိတ်အပိုင်း ကင်ဆာစစ်ဆေးခြင်း (စစ်ဆေးချက်ရလဒ်စသဖြင့် လိုအပ်သောသူသာလျှင်) | 2,900 | |
| ရင်သားကင်ဆာ | (၁) အသက် ၄၀မှ ၆၀ နှစ် ရှိသည့် စုံဂဏန်းအသက်အရွယ်ရှိ အမျိုးသမီးများ<br>(၂) ၆၁နှစ် အထက်တွင် ယခင်နှစ်များ၌ ဆုမြို့ရှိ ရင်သား X-Ray စစ်ဆေးခြင်းကို မလုပ်ဆောင်ရသေးသော အမျိုးသမီးများ | ရင်သား X-Rayစစ်ဆေးခြင်း （Mammography ရိုက်ပြီးစစ်ဆေးခြင်း) | 2,100 | 1,500 |
| | (၁) အသက် ၃၀ မှ ၃၉နှစ် အမျိုးသမီးများ<br>(၂) အသက် ၄၁မှ ၅၉နှစ်ရှိသည့် မဂဏန်း အသက်အရွယ်ရှိ အမျိုးသမီးများ | ရင်သားဓာတ်မှန်ရိုက်ခြင်း （အသံလှိုင်း) | 1,600 | 1,000 |
| အသည်းရောင်ရောဂါ ဗိုင်းရပ်စ်ပိုး | အသက် ၄၀နှစ် နှင့် ၄၁နှစ် အထက် ရှိသူများမှာ ယခင်က ဆုမြို့၏ သည်းရောင်ရောဂါ ဗိုင်းရပ်စ်ပိုးစစ်ဆေးမှုကို မလုပ်ဆောင်ရသေးသောသူ | သွေးစစ်ဆေးခြင်း- အသည်းရောင် ရောဂါပိုးစစ်ဆေးခြင်း (Bပိုး၊ Cပိုး စစ်ဆေးခြင်း) | 1,200 | 700 |

※ဆုမြို့ အမျိုးသားကျန်းမာရေးအာမခံအဖွဲ့ဝင်များ အသက် ၇၅နှစ်အထက်ပုဂ္ဂိုလ်၊ အခွန်ကင်းလွတ်ခွင့်ရှိသောအိမ်ထောင်စု ( မိသားစုအားလုံး အခွန်ကင်းလွတ်ခွင့်ရှိသည်)

လူမှုဖူလုံရေးမှုလက်ခံသော အိမ်ထောင်စုရှိပုဂ္ဂိုလ်တို့သည် ကျန်းမာရေးစစ်ဆေးခကို ကင်းလွတ်ခွင့် (တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံး) ရှိပါသည်။



| မေးမြန်းစုံစမ်းရန် ☎ | မေးမြန်းစုံစမ်းရန် ☎ | မေးမြန်းစုံစမ်းရန် ☎ |
|---|---|---|
| ကျန်းမာရေးမြှင့်တင်ရေးဌာန 229-3310 | ဂဲနိုးကျန်းမာရေးစင်တာ 266-2520 | အိချိရိုကျန်းမာရေးစင်တာ 295-0112 |
| ဗဟိုကျန်းမာရေးစင်တာ 229-3164 | မိဆတိုကျန်းမာရေးစင်တာ 279-8128 | ဟာခုဆန်းကျန်းမာရေးစင်တာ 262-7294 |
| ဟိဆိုင်းကျန်းမာရေးစင်တာ 255-8864 | အနိုးကျန်းမာရေးစင်တာ 268-5800 | မိဆုဂိကျန်းမာရေးစင်တာ 272-8089 |
| ခဝဂွဲကျန်းမာရေးစင်တာ 245-1212 | ခရဆုကျန်းမာရေးစင်တာ 292-4183 | |

ဆုမြို့ ကျန်းမာရေးမြှင့်တင်ရေးဌာန


၂၀၁၉ခုနှစ် မေလ